ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ညွှန်ကြားချက်အမှတ်( ၂ /၂၀၁၉ )

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်သတ်မှတ်ချက်များအား ဖြည့်စွက်သည့်ညွှန်ကြားချက်

၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

## နိဒါန်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့်အညီငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်သတ်မှတ်ချက်များကို ၁၄-၁-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၂၄ နှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ၄၁ တို့အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်အတွက် ဖြည့်စွက်သတ်မှတ်ချက်များကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။

## ဖြည့်စွက်သတ်မှတ်ချက်များ

၃။ လိုင်စင်လျှောက်ထားသူသည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့်ညီစွန်းပါက လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ခြင်းခံရမည် -

(က) လျှောက်ထားသူသည် လွန်ခဲ့သည့်အနည်းဆုံး ၅ နှစ် အတွင်း ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၄ အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင်ရုပ်သိမ်းခံရသူဖြစ်ခြင်း၊

(ခ) လျှောက်ထားသူသည် လွန်ခဲ့သည့် အနည်းဆုံး ၅ နှစ်အတွင်း ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပါသတ်မှတ်ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ သို့မဟုတ် ဤကော်မရှင်မှထုတ်ပြန်ထားသောညွှန်ကြားချက်တွင် ရည်ညွှန်းထားသည့် အခြားဥပဒေများကို ကျူးလွန်ဖောက်ဖျက်ခြင်းကြောင့် ဒဏ်ငွေပေးဆောင်ရသူဖြစ်ခြင်း၊

(ဂ) လျှောက်ထားသူသည် လွန်ခဲ့သည့် အနည်းဆုံး ၅ နှစ် အတွင်း မြီရှင်များနှင့် ကြွေးမြီကိစ္စစီမံဆောင်ရွက်ဆဲဖြစ်ခြင်း၊ လူမွဲအဖြစ်ခံယူရန်စီစဉ်နေခြင်း သို့မဟုတ် လူမွဲအဖြစ်ကြေညာခံရသူဖြစ်ခြင်းသို့မဟုတ်ပစ္စည်းထိန်းခန့်၍ထိန်းသိမ်းခံရသူ ဖြစ်ခြင်းနှင့် ယင်းကိစ္စရပ်များမပြီးပြတ်သေးသူဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူ၏အခြားလုပ်ငန်းသည် အများပြည်သူအကျိုးကိုထိခိုက်စေခြင်း၊

(င) လျှောက်ထားသူသည် လျှောက်ထားသည့်လုပ်ငန်းလိုင်စင်အမျိုးအစားနှင့်လိုက်လျော ညီထွေဖြစ်စေမည့်ဝန်ထမ်းအင်အားနှင့်ဖွဲ့စည်းပုံမရှိခြင်း၊

(စ) လျှောက်ထားသူသည် အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုမှအသုံးပြုပြီး ဖြစ်သည့်အမည်နှင့်အမည်တူဖြစ်စေရန် သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိကြောင်းတွေ့ရှိခြင်း၊

(ဆ) လျှောက်ထားသူသည် လုပ်ငန်းဆိုင်ရာ စဉ်းစားဆုံးဖြတ်မှု အရည်အသွေးနှင့် ခိုင်မာမှု အပေါ်သံသယဖြစ်ဖွယ်နည်းလမ်းဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက် ရန် စီစဉ်ခြင်း၊

(ဇ) လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်ပါက -

(၁) လွန်ခဲ့သည့် ၁၀ နှစ်အတွင်းလိမ်လည်မှု၊ အလွဲသုံးစားမှု၊ ငွေကြေးခဝါချမှု၊ခိုးမှု သို့မဟုတ် ငွေရေးကြေးရေးပြစ်မှု သို့မဟုတ် အလားတူကိစ္စရပ်များကို အခြား နိုင်ငံများတွင်ပါ ကျူးလွန်ခဲ့ခြင်း၊

(၂) လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်း ဝယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ငွေရေး ကြေးရေးအဖွဲ့အစည်းများဥပဒေ သို့မဟုတ် ဤကော်မရှင်မှ ထုတ်ပြန်ထား သောညွှန်ကြားချက်တွင် ရည်ညွှန်းထားသည့် အခြားဥပဒေများကို ကျူးလွန် ဖောက်ဖျက်ခြင်းကြောင့်ဒဏ်ငွေပေးဆောင်ရခြင်း သို့မဟုတ် ထောင်ဒဏ်ကျခံ ရဘူးသူဖြစ်ခြင်း၊

(၃) လွန်ခဲ့သည့်၁၀နှစ် အတွင်းမြီရှင်များနှင့်ကြွေးမြီကိစ္စစီမံဆောင်ရွက်ဆဲဖြစ်ခြင်း၊ လူမွဲအဖြစ်ခံယူရန်စီစဉ်နေခြင်း သို့မဟုတ် လူမွဲအဖြစ်ကြေညာခံရသူဖြစ်ခြင်း သို့မဟုတ်ပစ္စည်းထိန်းခန့်၍ထိန်းသိမ်းခံရသူဖြစ်ခြင်းနှင့်ယင်းကိစ္စရပ်များ မပြီး ပြတ်သေးသူဖြစ်ခြင်း၊

(ဈ) လျှောက်ထားသူ၏ဒါရိုက်တာများသည် ဤညွှန်ကြားချက်အပိုဒ် (၃) အပိုဒ်ခွဲ (ဇ) ပါ ပြဋ္ဌာန်းချက်များတွင်အကျုံးဝင်သူဖြစ်ခြင်း၊

(ည) လျှောက်ထားသူ၏အဓိကအစုရှယ်ယာဝင်များနှင့် ယင်းတို့၏အကျိုးခံစားခွင့်ရှိသူပိုင် ရှင်များသည် ဤညွှန်ကြားချက် အပိုဒ်(၃) အပိုဒ်ခွဲ (က) မှ (ဈ) ပါပြဋ္ဌာန်းချက်များတွင် အကျုံးဝင်သူဖြစ်ခြင်း၊

၄။ ဤညွှန်ကြားချက်အပိုဒ်(၃) ပါ ပြဋ္ဌာန်းချက်များကို ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့အတွက် လုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ထုတ်ပေးသည့်အခါတွင်လည်းကျင့်သုံးရမည်။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်/ဈေးကွက်စုံစမ်း/၂၀၇၈/၂၀၁၉

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

ဖြန့်ဝေခြင်း

ရန်ကုန်စတော့အိပ်ချိန်း
ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ

မိတ္တူကို

ပြည်ထဲရေးဝန်ကြီးဌာန
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့